# ရန်ငြိမ်းအောင်ကျေးရွာ

# တမူးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# (၂၀၂၁-၂၀၂၅)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရန်ငြိမ်းအောင်ကျေးရွာ၊ တမူးမြို့နယ်

(သမဝါယမနှင့် ကျေးရွာဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ

ကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ် ဇန်နဝါရီ လ

Asiyin( PC)

# မာတိကာ


မာတိကာ

စကားချီး

ရန်ငြိမ်းအောင်ကျေးရွာ သံယံဇောတပြေမြေပုံနှင့် ရာသီခွင်ပြ ပြက္ခဒိန်

အပိုင်း(၁)ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) နိဒါန်း

(ခ) ရည်ရွယ်ချက်

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ေ၇ာက်မှု

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) စီးပွားရေးအခြေအနေ

(ခ) စိုက်ပျိုးနိုင်သည့်မြေရိယာ

(ဂ) အဓိကသီးနှံများနှင့် အထွက်နှုန်း

(ဃ) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

(င) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) ကုန်စည်နှင့်ဝန်ဆောင်မှု စျေးကွက်လက်လှမ်းမီမှုအခြေအနေ

(ခ) လမ်း၊တံတား သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးနှင့်သတင်း

၆။ ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးအန္တရာယ်ထိခိုက်မှုများနှင့် သ ဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား– မရေးရာ

၁၀။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) ဦးစားပေးစီမံချက်

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ

ကော်မတီဝင်များစာရင်း

# စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမချက်သည် ၂၀၂၁-၂၀၂၂ခု (၆)လ ဘဏ္ဍာရေးနှစ်မှ (၂၀၂၅-၂၀၂၆)ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ/သားများ ပူးပေါင်းပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိမိတို့ကျေးရွာအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆောင်ရွက်နိုင်ရန် ပူးပေါင်းညှိနှိုင်းရွေးချယ်ပေးခဲ့ကြပါသောမြို့နယ်စီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့် သက်ဆိုင်သည့် ဒေသန္တရအရေးကြီးအချက်အလက်များနှင့် အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုး ပေးကြပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို အစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အခြေရှာကြသည့်နည်းလမ်းအတွက် ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ သင်တန်းပို့ချဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ တို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ အကူအညီရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(၁)တွင် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိကဖော်ပြထားပြီး အပိုင်း(၂)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


ရန်ငြိမ်းအောင်ကျေးရွာ၊ တမူးမြို့နယ်

၂၀၂၂ခုနှစ် ဇန်နဝါရီ လ (  )ရက်

# ရန်တိုင်းအောင်ကျေးရွာ သယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြက္ခဒိန်

## စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်



## အပိုင်း(၁) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

### (က)နိဒါန်း

၁။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်ဖြစ်ကြောင်းသိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်၍ ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိသည့်အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ဖွံ့ဖြိုးရေးစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

၂။ ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များအပေါ် အခြေခံ၍ (၅)နှစ်တာကာလအတွင်း ဆောင်ရွက်လိုသည့် ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်စီမံချက်များကိုဖော်ထုတ်၍ အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများအရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများတို့ကို ချိတ်ဆက်၍ဆောင်ရွက်ရမည်ကို သိရှိနားလည်စေခဲ့ပါသည်။

### (ခ) ရည်ရွယ်ချက်

၃။ လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

### (ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၄။ ရန်ငြိမ်းအောင်ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(၁) တည်နေရာနှင့်ပထဝီအနေအထား**

၅။ ရန်ငြိမ်းအောင်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူး-ကလေး အာရှကားလမ်းနံဘေးတွင် တည်ရှိပြီး အုပ်ချုပ်ရေးဆိုင်ရာရုံးစိုက်ရာ၊ တမူးမြို့နယ်နှင့် ဆက်သွယ်သွားလာရလွယ်ကူကောင်းမွန်သည့် ကျေးရွာသည် အင်ဒိုင်းအုပ်စုဖြစ်၍ မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်သည်။

**(၂) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

၆။ ဒေသ၏မိုးရေချိန်လက်မမှာ ၈၀" မှ ၁၁၀" ဝန်းကျင်တွင်ရှိ၍ စိုက်ပျိုးရေးအတွက် အသင့်အတင့် အထောက်အကူပြုသည့်ကျေးရွာအနီးတွင် မြေလွတ်မြေရိုင်းများရှိ၍ စိုက်ပျိုးရေးတိုးချဲ့ လုပ်ကိုင် နိုင်ပြီး မြစ်ချောင်းဝေး၍ မြေပြန့်ဒေသဖြစ်သည်။ လယ်ယာမြေများသည် စပါး၊ နေကြာ၊ ကုလားပဲ၊ ပြောင်းဖူး နှင့် ဆောင်းနှမ်းတို့ကိုစိုက်ပျိုးနိုင်ပါသည်။ မိုးရာသီ၌ ရေကြီးရေလျှံများ ရံဖန်ရံခါဖြစ်ပေါ်ခဲ့သော်လည်း ရန်ငြိမ်းအောင်ကျေးရွာသည် ကုန်းမြင့်မြေပြန့်ပိုင်းဖြစ်၍ ကင်းလွတ်ပါသည်။ ရန်ငြိမ်းအောင်ကျေးရွာသည် အင်ဒိုင်းကျေးရွာအုပ်စုတွင် ပါဝင်၍ သဘာဝသယံဇာတများထွက်ရှိခြင်း မရှိပါ။ လယ်ယာမြေအသင့်အတင့် ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

၆။ ရန်ငြိမ်းအောင်ကျေးရွာသည် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် လူဦးရေ စုစုပေါင်း ၆၅% ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းဖြစ်ကာ လူသားအရင်းအမြစ်ကောင်းဖြစ်၍ ဒေသစီးပွားရေးတိုးတက်ကောင်းမွန်အောင်စွမ်းဆောင်နိုင်သည်။ အိမ်ထောင်စုပေါင်း (၇၅)နှင့် ကျား (၁၅၆) မ (၁၆၆)ဦးဖြင့် လူဦးရေးပေါင်း (၃၂၂)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အလုပ်လုပ်နိုင် သော လူဦးရေးထက် ပို၍များပါသည်။

**(ခ) စီမံခန့်ခွဲမှုအခြေအနေ**

၇။ ရန်ငြိမ်းအောင်ကျေးရွာသည် လူမှုရေးဆိုင်ရာအဖွဲ့ ၆ ဖွဲ့ရှိသည်။ ဘာသာရေးအဖွဲ့နှင့် အမျိုးသား/သမီး အဖွဲ့မှာကျေးရွာတွင် လှုပ်ရှားမှုအားကောင်းသည်။ ကျေးလက်ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲလာ၍ ဖွံ့ဖြိုးရေး ကော်မတီဝင်များသည် ၎င်းအဖွဲ့ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရပါသည်။ နာရေးကူညီမှုမှာလည်း အမျိုးသား/သမီးများကသာ ဦးဆောင်ရပါသည်။ မြန်မာအသေးစားငွေချေးအဖွဲ့ကို ပြင်ပမှဖွဲ့စည်းထားရှိပြီး

အသေးစားငွေစုငွေချေးလုပ်ငန်းများကို လည်ပတ်အောင်ဆောင်ရွက်ပေးပါသည်။ အဆိုပါအဖွဲ့အစည်းအား ကျေးရွာရှိအဖွဲ့အစည်း တစ်ခုနှင့်တစ်ခုချိတ်ဆက်ဆောင်ရွက်သွားမည်ဆိုပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုများ ပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်ပါသည်။

**(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

**(က) စီးပွားရေးအခြေအနေ**

၈။ ရန်ငြိမ်းအောင်ကျေးရွာသည် ရာသီအလိုက်စိုက်ပျိုးရေးလုပ်ငန်းများ မဆောင်ရွက်နိုင်သောကြောင့် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုက်ဆောင်ရွက်ကြသည်။ ကျေးရွာ၏ အလွန်မပြေလည်သော နိုင်ထောင်စုနှင့် မပြေလည်သောအိမ်ထောင်စုတို့မှာ (၃၀%)ရှိ၍ လေ့လာဆန်းစစ်မှုအရ (၁၅%)တို့သည် သူတစ်ပါးထံမှ ချေးငှားပြီးမှစားသောက်ကြပါသည်။ ဝမ်းစာဖူလုံမှုမှာ (၃၀%)ရှိသော အိမ်ထောင်စုတို့သည် လယ်မဲ့ယာမဲ့ဖြစ်၍ ၁၂ လရာသီလက်လုပ်လက်စား ကျပန်းသမားများဖြစ်ကြရပါသည်။ အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ လေဖြတ်ခြင်း(မိသားစုနည်း)၊ သက်ကြီးရွယ်အို (ဝင်ငွေရနည်း မိသားစု)များဖြစ်ကြသည်။

**(ခ) စိုက်ပျိုးနိုင်သည့် မြေဧရိယာ**

၉။ ရန်ငြိမ်းအောင်ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှုအနေဖြင့် (၁၀၈.၅၃)ဧကရှိပါသည်။ စိုက်ပျိုးရေးမြေသည် အသင့်အတင့်ကောင်းမွန်ပါသည်။ စပါး၊ ပြောင်း၊ ဆောင်းနှမ်း၊ နေကြာ၊ ကုလားပဲနှင့် ပြောင်းဖူးများ စိုက်ပျိုးကြပါသည်။

**(ဂ) အဓိကသီးနှံများနှင့် အထွက်နှုန်း**

၁၀။ ရန်ငြိမ်းအောင်ကျေးရွာသည် စပါးနှင့်ဆောင်းနှမ်းကိုသာ အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၁၀၀.၅၃)ဧကရှိပြီး စိုက်ပျိုးရေသည်(၈၀%)လွှမ်းခြုံပါသည်။ မိုးစပါး ၁ဧက အထွက်နှုန်းမှာ တင်း (၆၀)မှ (၇၀) ခန့် ရှိပါသည်။ ဆောင်းနှမ်း ၁ ဧက အထွက်နှုန်းမှာ တင်း (၈)တင်းမှ (၉)တင်းခန့်ရှိပါသည်။ အခြားသီးညှပ်စိုက်ခြင်းများလည်ရှိပါသည်။

**(ဃ) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

၁၁။ ရန်ငြိမ်းအောင်ကျေးရွာသည် မွေးမြူရေးအနေဖြင့် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများမရှိပါ။ တစ်နိုင်တစ်ပိုင် ဝက်နှင့်ကြက်ကိုသာ မွေးမြူကြပါသည်။

**(င) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

၁၂။ ရန်ငြိမ်းအောင်ကျေးရွာတွင် အိမ်တွင်းကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းမှာလည်း ပေါ်လစီကြုံရာကျပန်းလုပ်ငန်းများကိုသာ လုပ်ကြရပါသည်။ ဇာထိုးပန်းထိုး၊ ဝပ်ရော့၊ ဆံပင်အလှပြင်၊ ဖုန်းပြင်ခြင်းလုပ်ငန်းစသည့်များအား မလုပ်တတ်ကြပေ။ သင်တန်းတက်မည်ဆိုပါကလဲ သင်တန်းစရိတ်

အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြပေ။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင် မူလတန်းကျောင်းရှိပြီး အလယ်တန်းကျောင်းအား နီးစပ်ရာကျေးရွာများတွင် သွားရောက်တက်ရသဖြင့် ပညာရေးပိုင်တွင် နိမ့်ကျပါသည်။

**(၅)အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

**(က) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက် လက်လှမ်းမီမှုအခြေအနေ**

၁၃။ ရန်ငြိမ်းအောင်ကျေးရွာသည် တမူး-ကလေးလမ်းမကြီးတွင်တည်ရှိပြီ တမူးမြို့မှ (၁၀)မိုင်ခန့်သာဝေးသဖြင့် စားသောက်ကုန်အတွက် အလွယ်တကူနှင့် ဝယ်ယူရရှိနိုင်ပါသည်။ ဈေးကွက်ဝန်ဆောင်မှုမှာ အသင့်အတင်ကောင်းမွန်ပါသည်။ ကျေးရွာရှိ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသောငွေကို တစ်နှစ်လျှင်အတိုးနှုန်း ၁၈ကလျှင် ၁ ကျပ်နှုန်းဖြင့် အများဆုံး(၁၀)၈ကအထိ ချေးယူနိုင်ကြသည်။ သမဝါယမအသင်းချေးငွေများလည်း ရရှိပါသည်။

**(ခ) လမ်း၊တံတား၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးနှင့်သတင်း**

၁၄။ ရန်ငြိမ်းအောင်ကျေးရွာသည် တမူး-ကလေး လမ်းမကြီးဘေးတွင်ရှိပြီး လမ်းသွယ်လမ်းမြောင်အနေ ဖြင့် (၅)လမ်းရှိပြီး ရွာလယ်လမ်းမကြီးမှာ (၁)လမ်းသာရှိပါသည်။ အဆိုပါရွာလယ်လမ်းမကြီးကောင်းမွန်သွား ပါက ရွာသူရွာသားများသွားလာရလွယ်ကူသည့်အပြင် ကျောင်းသား/သူများအတွက် ပို၍အထောက်အကူပြုနိုင်ပါသည်။ အဆိုပါလမ်းအား ယခု ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေဖြင့် ကွန်ကရစ်ဘီလမ်း(၈၃၀ ပေ) ဆောင်ရွက်ပြီး ရွာသူ/ရွာသားများအတွက် သွားလာရလွယ်ကူလှပါသည်။ သယ်ယူပို့ဆောင်ရေးအနေဖြင့် လယ်ယာမြေများသို့သွားလာ၍ လွယ်ကူသဖြင့် အခက်အခဲမရှိပါ။ တမူးမြို့နှင့်လဲ အလှမ်းမဝေးသဖြင့် သွားရောက်ရောင်းချဝယ်ယူရန်အတွက်လဲ အခက်အခဲမရှိပါ။ ကျေးရွာတွင် (၃၀ ကေဗွီ)ဓါတ်အားရှိ ဒီဇယ်အင်ဂျင်လျှပ်စစ်မီးကို တစ်ရွာလုံး အသုံးပြုသွယ်တန်းလျက်ရှိပါသည်။ လိုအပ်သော သတင်းအချက်အလက်များရရှိရန်အတွက် မိုဘိုင်းဖုန်းများကို အိမ်တိုင်းအသုံးပြုကြပါသည်။ အခြားသတင်းအချက်အလက်များအတွက် တီဗွီ၊ စလောင်းများ တပ်ဆင်ထားသဖြင့် ဆက်သွယ်ရေးကောင်းမွန်ပါသည်။

**(၆) ပညာရေး**

၁၅။ ရန်ငြိမ်းအောင်ကျေးရွာသည် မူလတန်းကျောင်းသာရှိပြီး မူလန်းကျောင်းသား/သူပေါင်း (၆၃)ဦးရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းအား နီးစပ်ရာကျေးရွာရှိ ကျောင်းများတွင် သွားရောက်ပညာသင်ယူရပါသည်။ ဘွဲ့ရဦးရေမှာ (၁၂)ဦးရှိပါသည်။

**(၇) ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

၁၆။ ရန်ငြိမ်းအောင်ကျေးရွာသည် ရာသီအလိုက်ဖြစ်ပေါ်တတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများ၊ ဌက်ဖျားရောဂါ၊ လူကြီးများမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားတတ်ပြီး၊ တီဘီရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အသည်းရောဂါ(ဘီ၊စီ) ရောဂါများ၊ Covid-19 ကူးစက်ရောဂါလူအနည်းစုတွင် တွေ့ရှိရပြီး၊ HIV,AIDs ရောဂါများ၊ အခြားကူးစက်ရောဂါများ မတွေ့ရှိပါ။

၁၇။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိပါ။ ကျေးရွာနှင့်(၅)ဖာလုံခန့်သာဝေးသော ပန်းသာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲသို့လည်းကောင်း၊ ကျေးရွာနှင့်(၄)မိုင်ခန့်ဝေးသော ခမိတ်ကျေးရွာတိုက်နယ်ကျန်းမာရေးဆေးရုံသို့လည်းကောင်း သွားရောက်ကုသနိုင်ပါသည်။ အခြေခံကျန်းမာရေးအတွက် အထောက်အကူပြုပါသည်။ ကျေးရွာ၏ရေသုံးစွဲမှုတွင် ကျေးလက်ဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ၄"Ø၄၀၀' စက်ရေတွင်း၊ ရေစက်ရုံ နှင့်ရေစုကန် (၁)တွင်း ဆောင်ရွက်ပေးထားပြီး လက်တူးတွင်းများလည်း ၅ အိမ် ၁ တွင်းနှုန်း ရှိပါသည်။ အိမ်သာများမှာ ပျဉ်ကာ ပျဉ်ဆောင်များဖြင့် အသုံးပြုကြပါသည်။ ယင်လုံအိမ်သာများ အသုံးပြုကြပါသည်။ ထို့ကြောင့် ရေကြောင့်ဖြစ်တတ်သော ရောဂါများဖြစ်ပွားမှုနည်းပါးပါသည်။ စာသင်ကျောင်းများတွင် အိမ်သာများစနစ်တကျ ဆောက်လုပ်ထားသောကြောင့် ကျောင်းသားကျောင်းသူများအတွက် အသုံးပြုရန်လွယ်ကူပြီး ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည်။ ကျေးရွာတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် အလှည့်ကျသဘာဝပတ်ဝန်းကျင် လှုပရေးအားဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဌာနအကူအညီဖြင့် အမှိုက်များစနစ်တကျ စွန့်ပစ်တတ်လာပြီး တစ်ရွာလုံးလှပပြီး ကျန်းမာညီညွတ်အောင် ဆောင်ရွက်လာနိုင်ခဲ့ပါသည်။

**(၈) ဘေးအန္တရာယ်ထိခိုက်မှုများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**၁၈။** ရန်ငြိမ်းအောင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုအဓိက လုပ်ကိုင်ကြသည်။ ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါသည်။ မြေထောက်ပဲစိုက်ခင်းများတွင် ပိုးများကျရောက်၍ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများ အသုံးပြုမှုများပြားလာ၍ မြေဆီအရည်အသွေးလျော့နည်းနိုင်သည်။ တောင်သူများသည် ဘက်စုံပိုးမွှားနှိမ်နင်းနိုင်ရေးအစား ဓာတုပိုးသတ်ဆေးများ အသုံးပြုလာသည်။ ထိုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများဖြစ်ပေါ်လာသည်။ ကုန်းတွင်းပိုင်းဖြစ်သောကြောင့် မုန်တိုင်းအန္တရာယ်နည်းပါးသည်။ အားပျော့မုန်တိုင်းများ တစ်ခါတစ်ရံကြုံတွေ့ရသည်။ အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်း သဘာဝအန္တရာယ်တစ်ရပ်အဖြစ် ကြုံတွေ့ရတတ်သည်။ စိုက်ပျိုးရေးမြေမြေဆီလွှာပျက်စီးမှုရှိပြီး ပံ့ပိုးပစ္စည်းများစွာ အသုံးပြုရပါသည်။ စိုက်ပျိုးပင်မျိုးစိတ်များကို စနစ်တကျနည်းစနစ်ကျကျထုတ်လုပ်နိုင်မှုမရှိပါ၊ စိုက်ပျိုးရေရရှိမှုကို မြေအောက်ရေမှ အလွယ်တကူရရှိပါသည်။ သောက်သုံးရေမှာ ကျေးရွာရှိ အဝီစိတွင်းများမှ အလွယ်တကူရရှိပါသည်။

**(၉) ကျား-မ ရေးရာ**

၁၉။ ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိပါသည်။ ကျေးရွာတွင် ကျားနှင့်မကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းများမတွေ့ရှိရပါ။ ကျား-မဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင် ကျေးရွာလူမှုအဖွဲ့အစည်း၏ သတ်မှတ်ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးနှင့် အမျိုးသားပညာရေးဆိုင်ရာအခွင့်အရေးမှာ အတူတူပင်ဖြစ်ပါသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုးသမီးများထက် အမျိုးသားများက ပိုမိုရကြသည်။ လုပ်သား သဘာဝနှင့် လုပ်အားစိုက်မှုမတူညီသောကြောင့် အမျိုးသမီးများထက် အမျိုးသားများက လုပ်အားခပိုမိုရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှု နည်းပါးကြပါသည်။ အခြားလူမှုရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်လုပ်ကိုင်ကြပါသည်။ ကျား- မ တန်းတူညီမှုနှင့် ပတ်သက်၍ အသိပညာများပေးခြင်းကို တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြင့် တန်းတူညီမျှမှုဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ဖြစ်စေနိုင်ပါ သည်။

## (၁၀) ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၂၀။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင်အမှန်တကယ် လိုအပ်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက်ကျေးရွာသူ/သားအုပ်စု (၅)စု၊ (က)ရပ်မိရပ်ဖအုပ်စု၊ (ခ) တောင်သူအုပ်စု၊ (ဂ) စိုက်ပျိုးရေးလုပ်ငန်းမဟုတ်သော အုပ်စု၊ (ဃ) အမျိုးသမီးအုပ်စု၊ (င) လူငယ်အမျိုးသားအုပ်စု စသည့်အုပ်စု(၅)အုပ်စုမှ လုပ်ငန်းများကိုအမှတ်ပေးကြပါသည်။ ရွာတွင်းလူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ဂေါပကအဖွဲ့တို့သည်နာရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ လူမှုရေး၊ သာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ရွေးချယ်ရာတွင် အချို့သော လုပ်ငန်းစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများ၏အကူအညီများ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ပုံစံ (၁)

စီမံကိန်းအဆိုပြုလွှာ (သို့) စီမံကိန်းအကြောင်းအရာ (**Project Profile** )

| | | |
|---|---|---|
| ကျေးရွာ | - | ရန်ငြိမ်းအောင် |
| ကျေးရွာ အုပ်စု | - | အင်ဒိုင်း |
| မြို့နယ် | - | တမူးမြို့နယ် |
| တိုင်းဒေသကြီး/ ပြည်နယ် | - | စစ်ကိုင်းတိုင်းဒေသကြီး |
| စီမံကိန်းအမည်- | - | ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း (2 × 830′ × 3′ × 6") |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေနေ<br>ရွာတွင်းလမ်းများပျက်စီးနေသောကြောင့် မိုးရာသီ၌ သွားလာရခက်ခဲခြင်း၊ ရွံ့ပွက်များကြောင့် ကျန်းမာရေးပြဿနာများဖြစ်ခြင်းနှင့် ကျောင်းသူ/သားများကျောင်းတက်ရေးခက်ခဲခြင်း။ | | |
| စီမံချက်ရည်ရွယ်ချက်<br>ကုန်စည်ပို့ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်လာစေရန် ကျောင်းသူ/သားများကျောင်းတက်ရာတွင် အဆင်ပြေစေရန်။ | | |
| မျှော်မှန်းအကျိုးရလဒ်<br>လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန် လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်။ | | |
| စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း<br>ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်း (Wheel Track) ခင်းခြင်းလုပ်ငန်း (2 × 830′ × 3′ × 6") | | |
| စီမံကိန်းကုန်ကျစရိတ် ထည့်ဝင်မှု | | |
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် | |
| ၁၀၀၀၀၀၀၀ (ငွေသား) | ကျေးလက်ဦးစီး | |
| လုပ်အား | ကျေးရွာ (တီးတိန်ယံ) | |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၁၅၆ | ၁၆၆ | ၃၂၂ | ၅၀ | ၇၀ | ၆၅ | ၅၀ | ၂၃၅ |
| အကျိုးခံစားမည့် ဦးရေ | ၁၅၆ | ၁၆၆ | ၃၂၂ | ၅၀ | ၇၀ | ၆၅ | ၅၀ | ၂၃၅ |
| မှတ်ချက်။ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ-၄ | | | | | | | | |

စီမံကိန်းအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်းများ<br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ၊ ရန်ငြိမ်းအောင်ကျေးရွာ |
| (၂) စီမံကိန်းစတင်မည့် အချိန် ၂၀၊ ၁၂၊ ၂၀၂၁ |
| (၃) စီမံကိန်းပြီးစီးမည့် အချိန် ၂၈၊ ၂၊ ၂၀၂၂ |
| (၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်<br>ကျေးရွာတွင်း အစည်းအဝေးခေါ်ယူကျင်းပပြီး ကျေးရွာသူ/သားများအား လမ်းခင်းခြင်းပြုလုပ်မည့်အစီအစဉ်ကို ရှင်းပြမည်။ ကျေးရွာသားများမှ မိမိဆန္ဒအလျောက် လုပ်အားထည့်ဝင်နိုင်ရန် ပါဝင် အောင် ဆွေးနွေးမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့စည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီ အစဉ်များ<br>ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းပြီးပါက လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းမည်။ ကျေးရွာနေပြည်သူများမှ ငွေကြေး၊ လုပ်အားထည့်ဝင်မှုရှိပါက ပွင်းလင်းမြင်သာမှုရှိစွာ ဆောင်ရွက်သွားမည်ဖြစ်သည်။ |

| ဥက္ကဋ္ဌ | ဘဏ္ဍာရေးမှူး | အဖွဲ့ဝင် |
|---|---|---|
| ဦးရွှေဝင်း၊ ၅/မကန(နိုင်) | ဒေါ်ခင်ဆွေဦး၊ ၅/တမန(နိုင်) | ဒေါ်ကြည်ကြည်ဌေး၊ ၅/တမန(နိုင်) |
| ဝ၄၅၇၇၆ | ဝ၆၆၁၉၅ | ဝ၆၀၁၈၄ |
| ကျေးရွာဖွံ့ဖြိုးရေးကော်မတီ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ | ကျေးလက်ဖွံ့ဖြိုးရေးကော်မတီ |
| ရန်ငြိမ်းအောင်ကျေးရွာ | ရန်ငြိမ်းအောင်ကျေးရွာ | ရန်ငြိမ်းအောင်ကျေးရွာ |

**(က) ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-**

| စီမံချက် | အကဲဖြတ်အမှတ်ပေးသူ(၁) | အကဲဖြတ်အမှတ်ပေးသူ(၂) | အကဲဖြတ်အမှတ်ပေးသူ(၃) | အကဲဖြတ်အမှတ်ပေးသူ(၄) | အကဲဖြတ်အမှတ်ပေးသူ(၅) | ရမှတ်ပေါင်း | ဦးစားပေးအဆင့် |
|---|---|---|---|---|---|---|---|
| ၁။ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၅၀ | ၁ |
| ၂။ ကျေးရွာတွင်းကျောက်ခြောလမ်းခင်းခြင်း | ၈ | ၉ | ၈ | ၁၀ | ၉ | ၄၄ | ၂ |
| ၃။ကျေးရွာတွင်းဆေးပေးခန်းတည်ဆောက်ခြင်း | ၉ | ၁၀ | ၈ | ၉ | ၁၀ | ၄၆ | ၃ |
| ၄။စပါးမျိုးကောင်းရရှိရေးစီမံချက် | ၈ | ၉ | ၁၀ | ၈ | ၈ | ၄၃ | ၄ |
| ၅။ကျောင်းပရိဘောဂပြည့်စုံရေးစီမံချက် | ၈ | ၈ | ၉ | ၈ | ၈ | ၄၁ | ၅ |

## (ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် စီမံချက်၏ အချိန် ဇယား ကို ဖော်ပြထားပါသည်။ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သည်များကိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ် လည်ကျေးရွာ ဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံကိန်း | ဦးစားပေးအဆင့် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|
| ၁။ကျေးရွာတွင်းကွန်ကရစ် လမ်းခင်းခြင်း | ၁ | √ | - | - | - | - |
| ၂။ကျေးရွာတွင်းကျောက်ချောလမ်းခင်းခြင်း | ၂ | - | - | - | - | - |
| ၃။ကျေးရွာတွင်းဆေးပေးခန်း တည်ဆောက်ခြင်း | ၃ | - | √ | - | - | - |
| ၄။စပါးမျိုးကောင်းရရှိရေး စီမံချက် | ၄ | - | - | √ | - | - |
| ၅။ကျောင်းပရိဘောဂပြည့်စုံ ရေးစီမံချက် | ၅ | - | - | - | √ | - |

**စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်၊ တမူးမြို့၊ အင်ဒိုင်းကျေးရွာအုပ်စု၊ ရန်ငြိမ်းအောင်ကျေးရွာ**
**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း**

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | စပါးမျိုးကောင်းမျိုးသန့်မရှိခြင်း ကြောင့်စပါးအထွက်တိုးနည်းခြင်း | စပါးအစေ့များမအောင်၊ အဖျင်းများခြင်း၊ နည်းပညာမရှိခြင်း | မြေဆီလွှာများကောင်းခြင်း | စိုက်ပျိုးရေးနည်းပညာနှင့် အလှမ်း ဝေးခြင်း | စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာရရှိရန် | စိုက်ပျိုးရေးနှင့်ဖွံ့ဖြိုးရေးဦးစီးဌာနပူးပေါင်း၍ နည်းပညာသင်တန်းပြုလုပ်ရန် စီမံချက် |
| ၂ | ကျောင်းပရိဘောဂ၊ စာရေးခုံ၊ရုံးခန်း အတွင်းဘီရိုများ လုံလောက်မှုမရှိခြင်း | စာအုပ်စာတန်းများ ထိန်းသိမ်းရန် နေရာမရှိခြင်း၊ ကလေးများကြမ်းပြင်ပေါ်တွင်ထိုင်ရခြင်း | ပျဉ်များအလွယ်တကူ ရရှိနိုင်ခြင်း | ငွေကြေးလုံလောက်မှုမရှိခြင်း | ကျေးလက်ဦးစီးဌာနမှ အကူအညီရရှိရန် လိုအပ်ခြင်း | ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ရန် စီမံချက် |
| ၃ | သဘာဝဘေးဒဏ် ကျရောက်ပါက မီးတိုင်မီးကြိုးများ ပြည့်စုံမှုမရှိခြင်း | ရေရှည်တည်တံ့ကောင်းမွန်စေရန်ဖြစ်သည် | လိုအပ်သောမီးကြိုးများ ပံ့ပိုးဆောင်ရွက်ပါက ကောင်းမွန်စွာမီးလင်းစေပြီး ရေရှည်တည်တံ့နိုင်ခြင်း | အချို့မီးတိုင်များ သည် သစ်သား တိုင် များဖြစ်ခြင်း | သက်ဆိုင်ရာဝန်ကြီးဌာနမှ လိုအပ်သောပစ္စည်းများ ပံ့ပိုးကူညီပေးရန် လိုအပ်ခြင်း | မီးတိုင်၊မီးကြိုးနှင့် မီးလင်းချိန်တိုးမြှင့်ပေးရေး စီမံချက် |
| ၄ | ရွာတွင်းရှိလမ်း၊ တံတားများ ဆယ်နှစ်ရာသီလုံး အသုံးပြုရန် ခက်ခဲခြင်း | မိုးရာသီ ဗွက်ထခြင်း၊စိမ့်ရေများထွက်ခြင်း | လမ်းတံတားခင်းရန် သဲကျောက်များ အလွယ်တကူ ရရှိနိုင်ခြင်း | ငွေကြေးအခက်အခဲရှိခြင်း | ကျေးလက်ဦးစီးဌာနမှ အကူအညီဖြင့်လမ်း တံတားကောင်းရန် စီစဉ်ခြင်း | ကျေးလက်ဦးစီးဌာနနှင့် ပူးပေါင်း၍ လမ်းတံတား ကောင်းမွန်ရန်စီမံချက် |

Asiyin( PC)